BUSINESS COALITION FOR GENDER EQUALITY
စီးပွားရေးလုပ်ငန်းများ ကျား၊မ တန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှုအသင်း



# မိခင်တို့၏ အခွင့်း

## အနာဂတ်လုပ်သားအင်အား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုပျိုးထောင်ပေးခြင်း

လုပ်ငန်းခွင်အတွင်း မိခင်နို့ချိုထိန်းသိမ်းခန်းများ ပြင်ဆင်ထားရှိခြင်းဆိုင်ရာ အချက်အလက်အကျဉ်း

Building Better Workplaces
Empowering Business

# မာတိကာ


စကားချီး ........ ၁

နယ်ပယ် ........ ၁

နိဒါန်း ........ ၁

ဖန်တီးပေးချင်သော သူမအတွက်ဝန်းကျင် ........ ၂

တည်ဆောက်ပေးချင်သော သူမ၏ အနာဂတ် ........ ၂

လုပ်ဆောင်ရမည့်အဆင့်များ ........ ၄

- **STS** ချဉ်းကပ်မှု ........ ၄

လက်တွေ့လုပ်ဆောင်ချက်များ ........ ၅

- အထောက်အပံ့ ........ ၅
- အချိန် ........ ၅
- နေရာ ........ ၆

အပိုဆောင်းအထောက်အပံ့များ ........ ၇

ကိုးကားချက်များ ........ ၈




# စကားချီး

စီးပွားရေးလုပ်ငန်းများ ကျား၊ မရေးရာတန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှုအသင်း (Business Coalition for Gender Equality Association) (BCGE) သည် လုပ်ငန်းခွင်များအတွင်း မိခင်နို့ချိုထိန်းသိမ်းခန်းများ ပြင်ဆင် ထားရှိနိုင်ရေးအတွက် ဤအချက်အလက်အကျဉ်းကို ထုတ်ဖော်ရေးဆွဲခဲ့ခြင်းဖြစ်ပြီး စီးပွားရေး လုပ်ငန်းကဏ္ဍအတွင်း ကောင်းမွန်စွာလိုက်နာဆောင်ရွက်မှုရှိစေရန်နှင့် နှိုင်းချိန်မျှော်မြင်မှုရှိသော စီမံခန့်ခွဲရေး ဆိုင်ရာ အလေ့အကျင့်များ ဖြစ်လာစေရန် ရည်ရွယ်၍ ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤအချက်အလက်အကျဉ်းသည် လုပ်ငန်းခွင်ဝင် နို့တိုက်မိခင်များအတွက် အဆင်ပြေလိုက်ဖက်စေမည့် လုပ်ငန်းခွင်များဖန်တီးပေးနိုင်ရေး အတွက် ရိုးရှင်းလွယ်ကူသော လုပ်ဆောင်ရမည့် အဆင့်များကို ဖော်ပြထားပါသည်။

BCGEသည် အသေးစိတ်သတ်မှတ်ချက်များဖြင့် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများထက်ရိုးရှင်းစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းတစ်ခုကိုသာ ဦးစားပေးဖော်ပြထားပါသည်။ BCGE အနေဖြင့် စီးပွားရေးလုပ်ငန်းများတွင် မိခင်နို့ချိုထိန်းသိမ်းအခန်းများနှင့်ကလေးသူငယ်စောင့်ရှောက်ရေး ဆိုင်ရာ ထောက်ပံ့ပေး သည့် အစီအစဉ်များ၊ မူဝါဒများ၊ လိုက်နာကျင့်သုံးမှုများအား ထားရှိစေရန် တိုက်တွန်းအသိပေးခြင်းများ လုပ်ဆောင်နေပြီး အကောင်အထည်ဖော်ဆောင်ရွက်လိုသော စီးပွားရေးလုပ်ငန်းရှင်များအား ကျွန်ုပ်တို့၏ မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ (ဥပမာ နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်ချက်များ၊ သင်တန်းများ၊ အကောင်အထည် ဖော်ဆောင်ရွက်ရမည့် အသေးစိတ် လမ်းညွှန်ချက်များ နှင့် အသေးစိတ် အချက်အလက် အကျဉ်းများ စသည်တို့နှင့် ပတ်သက်၍)

# နယ်ပယ်

ဤအချက်အလက်အကျဉ်းသည် မိခင်နို့ချိုထိန်းသိမ်းခန်းများထားရှိခြင်း၏ အကျိုးကျေးဇူးများနှင့် နို့ထိန်းခန်းများ ထားရှိနိုင်ရန် အခြေခံလိုအပ်ချက်များ ပါဝင်သည့် သက်ဆိုင်ရာသတင်းအချက်အလက်များ လက်လှမ်းမီ ရရှိနိုင်ရေးကို ပိုမိုတိုးမြှင့်နိုင်ရန် ရည်ရွယ်ပါသည်။ စီးပွားရေးလုပ်ငန်းကဏ္ဍအလိုက် စိတ်ပါဝင်စားမှု အပေါ်မူတည်၍ BCGE သည် နောက်ဆက်တွဲ ဆွေးနွေးအကြံပြုမှုများနှင့် အသေးစိတ်ပံ့ပိုးပေးနိုင်ရန် မိတ်ဖက်အဖွဲ့အစည်းများသို့ ချိတ်ဆက်ပေးခြင်း၊ လိုအပ်သည်များကို ချိတ်ဆက် ၍ ဆက်လက်ဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

# နိဒါန်း

နို့တိုက် မိခင်များအတွက် မိခင်နို့ချိုထိန်းသိမ်းခန်းများထားရှိပေးခြင်းသည် ကုမ္ပဏီများ၏ လူ့စွမ်းအားအရင်းအမြစ်များ၊ အရင်းအနှီးများနှင့် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များ တစ်စထက်တစ်စ လျော့ပါးကျဆင်းသွားခြင်းမရှိစေရန်အတွက် လိမ္မာပါးနပ်သည့် ရင်းနှီးမြှုပ်နှံမှု တစ်ခုဖြစ်ပါသည်။ မိခင်နို့ချိုထိန်းသိမ်းခန်းများအတွက် အနည်းငယ်မျှသော ကြိုတင်ရင်းနှီးမြှုပ်နှံမှုတစ်ခု ပြုလုပ်ခြင်းသည် ရေရှည်တွင် ကုမ္ပဏီအတွက် ငွေကြေးများစွာသက်သာစေမည်ဖြစ်ပြီး အလုပ်ရှင်နှင့် ဝန်ထမ်းများ နှစ်ဖက်စလုံးအတွက် အကျိုးရလဒ်များ ဖြစ်လာစေမည်ဖြစ်ပါသည်။ ဤအချက်အလက်အကျဉ်းသည် အဖွဲ့အစည်းတိုင်း၌ မိခင်နို့ချို ထိန်းသိမ်းခန်းများထားရှိရန် အဘယ့်ကြောင့်လိုအပ်ကြောင်းနှင့် ၎င်းမှ အပြုသဘောဆောင်သည့် ရလဒ်များ ဖြစ်လာနိုင် ကြောင်းကို တင်ပြထားပါသည်။





# ဖန်တီးပေးချင်သော သူမအတွက်ဝန်းကျင်

(၂၁) ရာစုတွင် လုပ်သားအင်အားထုကြီး၏ သဘောသဘာဝမှာ ပြောင်းလဲလာခဲ့သည်။ ဝန်ထမ်းများနှင့် ပင်ကိုယ် စွမ်းရည်ထူးချွန်ထက်မြက်သူများ သည်ကိုယ်ရေးကိုယ်တာ နှင့် အလုပ် ဟန်ချက်ညီပြီး မိသားစုနှင့် လိုက်လျောညီထွေမှုရှိသော အလုပ်အခြေအနေကို ပံ့ပိုးပေးနိုင်သည့် လုပ်ငန်းခွင်များကိုရှာဖွေလာကြပြီး ယင်းလုပ်ငန်းခွင်များတွင်သာအလုပ်လုပ်လို လာကြသည်။ မိခင်နို့ချို ထိန်းသိမ်းခန်းတစ်ခုကို စီစဉ်ထားရှိခြင်းသည် မိခင်ဘဝနှင့် လိုက်လျောညီထွေဖြစ်သော လုပ်ငန်းခွင် တစ်ခုကို ဖန်တီးပေးနိုင်ရုံသာမကပဲ လုပ်ငန်းခွင်ဝင် မိခင်များနှင့် ကလေးယူရန်အစီအစဉ်ရှိသည့် ဝန်ထမ်းများ အထဲမှ ထူးချွန်ထက်မြက်သော အမျိုးသမီးဝန်ထမ်းများကိုပါ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာရေးတွင်ဆွဲဆောင်မှုတစ်ခုဖြစ်စေပါသည်။ မိခင်နို့ချို ထိန်းသိမ်းခန်းတစ်ခု ထားရှိခြင်းသည် မီးဖွားခွင့်ယူပြီး လုပ်ငန်းခွင်သို့ ပြန်လည်ဝင် ရောက်လာသည့် မိခင်များအတွက် အကူးအပြောင်းကာလတွင် များစွာ အဆင်ပြေလွယ်ကူစေပါသည်။ ထို့အပြင် မိခင်နို့ချိုထိန်းသိမ်းခန်းထားရှိခြင်းသည် အမျိုးသမီးဝန်ထမ်းများကို ကျေနပ်ပျော်ရွှင်စေပြီး သင်၏ကုမ္ပဏီတွင် ပိုမိုကြာရှည်စွာ အလုပ်လုပ်လိုကြသည့်အနေအထားကို ဖြစ်လာနိုင်မည် ဖြစ်သည့်အပြင် အရည်အချင်းရှိသော အလုပ်သမားအင်အားကို ထိန်းသိမ်းထားရှိခြင်းကြောင့် အလုပ်မြဲသည့်နှုန်းနှင့် ကုန်ထုတ်စွမ်းအားကိုလည်း တိုးမြင့်စေမည် ဖြစ်သည်။ လုပ်ငန်းခွင်အတွင်း မိခင်နို့ချိုထိန်းသိမ်းခန်း ထားရှိခြင်းဖြင့် သင်၏ကုမ္ပဏီသည် အလုပ်လုပ်နေသည့် မိသားစုများကို ကတိကဝတ်ပြု အထောက်အပံ့ပေးထားကြောင်းကို ပြသနိုင်ပြီး ဝန်ထမ်းများနှင့် လုပ်ငန်းတူ ပြိုင်ဘက်များကို အလွန်ကောင်းမွန်သည့် သတင်းစကားတစ်ခု အသိပေးလိုက်နိုင်ခြင်း လည်းဖြစ်ပါသည်။

# တည်ဆောက်ပေးချင်သော သူမ၏ အနာဂတ်

သုတေသနများမှညွှန်ပြသည်မှာမိခင်နို့ချိုထိန်းသိမ်းခန်းများထားရှိခြင်းအပြင်မိသားစုနှင့်လိုက်လျောညီထွေရှိသောလုပ်ငန်းခွင်ဆိုင်ရာ မူဝါဒများထားရှိခြင်းမှ အကျိုးခံစားခွင့်ရရှိသည့် လုပ်ငန်းခွင်ဝင် အမျိုးသမီးများသည်မိခင်နို့ချို တိုက်ကျွေးခြင်းကို အခြားသောအမျိုးသမီးများထက် အချိန်ကာလ ပိုမိုကြာရှည်စွာလုပ်ဆောင်နိုင်ကြကြောင်းတွေ့ရှိရသည်။ မိခင်နို့ချိုကို အချိန်ကာလကြာရှည်စွာ တိုက်ကျွေးခြင်းသည် မိခင်များ၊ ကလေးငယ်၊ အလုပ်ရှင်များနှင့် လူ့ဘောင်အသိုက်အဝန်းအတွက်များစွာသော အကျိုးကျေးဇူးများ ကိုရရှိစေနိုင်ပါသည်။

ထို့ကြောင့် မိခင်နှင့်ကလေးအတွက် လိုက်လျောညီထွေရှိသော လုပ်ငန်းခွင်များရှိခြင်းနှင့် မိခင်ဘဝနှင့် လိုက်ဖက်ညီသော လုပ်ငန်းခွင် များအဖြစ် အသိအမှတ်ပြုခံရခြင်းများသည် အလုပ်ရှင်များအတွက် သာမက ၎င်းတို့၏ဝန်ထမ်းများနှင့် မိသားစုများအတွက်ပါများစွာသော အကျိုးကျေးဇူးများရရှိလာနိုင်ပါသည်။

## လုပ်ငန်းခွင်ဝင်မိခင်များအလုပ်ပျက်ကွက်ခြင်းကိုလျှော့ချနိုင်ခြင်း

မိခင်နို့တိုက်ကျွေးခံရသည့် နို့စို့ကလေးများမှာ နည်းပညာဖြင့် ထုတ်လုပ်ထားသော နို့မှုန့်များ တိုက်ကျွေး ခံရသည့် ကလေးများထက် ပိုမို၍ကျန်းမာမှုရှိသည်။ မိခင်နို့စို့ရသည့် ကလေးများသည် ရေတိုရေရှည်ကာလများတွင် ဖျားနာနေမကောင်းဖြစ်မှုများ ပိုမိုနည်းပါးသည့်အတွက် မိခင်များအနေဖြင့် နေမကောင်းသည့် ကလေးကို ပြုစုစောင့်ရှောက်ရန်အတွက် အိမ်တွင်နေရန် မလိုတော့ပေ။ ထို့ကြောင့် အလုပ်ရှင်များအနေဖြင့် ၎င်းတို့၏ ဝန်ထမ်းများအကြား မိခင်များ၏ အလုပ်ပျက်ကွက်မှု ကျဆင်းသွားစေနိုင်သော အကျိုးကျေးဇူးကို ရရှိနိုင်ပါသည်။

## အလုပ်ရှင်–ဝန်ထမ်းအကြားဆက်ဆံရေးကိုပိုမိုတိုးတက်စေခြင်း

မိခင်နို့ချိုထိန်းသိမ်းခန်း စီစဉ်ထားရှိပေးခြင်းသည် မိခင်ဘဝနှင့် လိုက်ဖက်ညီသော လုပ်ငန်းခွင်တစ်ခုကိုဖန်တီးပေးပြီး အလုပ်ရှင်များအနေဖြင့် ဝန်ထမ်းများကို တန်းတူအခွင့်အရေးပေးခြင်းနှင့် ပူးပေါင်း တာဝန်ယူမှုကို ကတိကဝတ်ပြုဆောင်ရွက်ပေးကြောင်းပြသနိုင်သည့် နည်းလမ်းတစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့် အလုပ်ရှင်–ဝန်ထမ်းဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်စေပြီး အလုပ်ရှင်များသည် ဝန်ထမ်းများ၏ လိုအပ်ချက်များကို အသိအမှတ်ပြု ပြန်လည်တုံ့ပြန်ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်း တစ်ခုလည်းဖြစ်သည်။

## လုပ်ငန်းခွင်အတွင်း လူသားအရင်းအနှီးကို ထိန်းသိမ်းထားနိုင်သောကြောင့် တွက်ချေကိုက်မှုရှိခြင်း

လူသားအရင်းအနှီးများသည် အောင်မြင်သည့်စီးပွားရေးလုပ်ငန်းများ၏ နောက်ကွယ်တွင်ရှိနေသည့် လွှမ်းမိုးစေ့ဆော်သော အားတစ်ခုဖြစ်သည်။ အလုပ်ရှင်များသည် ၎င်းတို့၏ ဘဏ္ဍာရေးအရင်းအနှီးများကို အသုံးပြုပြီး မတူကွဲပြားမှုအပေါ်အခြေခံကာ အရည်အချင်းပြည့်မီသော လူသားအရင်းအနှီးများကို ဆွဲဆောင်ထိန်းသိမ်းထားရန် ကြိုးစားကြသည်။ မိခင်နို့ချိုထိန်းသိမ်းခန်းကိုစီစဉ်ပေးခြင်းသည် အရည်အချင်းရှိသော နို့တိုက်မိခင်များကို အလုပ်ထွက်နှုန်းကို လျှော့ချနိုင်ကာ ဝန်ထမ်းအသစ်များကို ပြန်လည် ခေါ်ယူလေ့ကျင့်ပေးရမှုများ မရှိတော့သည့်အတွက် ကုန်ကျစရိတ် သက်သာမှုများဖြစ်စေသည်။ ထို့အပြင် အမျိုးသမီးဝန်ထမ်းများသည် မိခင်နို့ချိုထိန်းသိမ်းခန်း ကဲ့သို့သော မိခင်ဘဝနှင့် လိုက်ဖက်ညီသောလုပ်ငန်းခွင် အစီအစဉ်များ ထားရှိပေးသည့်အတွက်မီးဖွားပြီးနောက် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်အလုပ်လုပ်နိုင်ခြေများကို တိုးပွားစေပြီး ၎င်းတို့၏ လုပ်ပိုင်ခွင့်များ ပြန်လည်ပေးအပ်လုပ်ကိုင်စေခြင်းဖြင့် ကုန်ထုတ်စွမ်းအား ကိုလည်း တိုးတက်စေမည်ဖြစ်သည်။

## ကျန်းမာရေးစောင့်ရှောက်မှုကုန်ကျစရိတ်နှင့် အာမခံကြေးများအတွက် ကုန်ကျစရိတ်လျှော့ချနိုင်ခြင်း

မိခင်နို့တိုက်ကျွေးခြင်းသည် မိခင်နှင့်ကလေးနှစ်ဦးစလုံးကို ပိုမိုကျန်းမာစေသည့် အကျိုးကျေးဇူးကိုရရှိစေသည်။ မိခင်နို့သည် ကလေးတစ်ဦးတည်းသည်သာ အကျိုးရှိခြင်းမဟုတ်ဘဲ မိခင်များအတွက်လည်း ကလေးမီးဖွားမှုမှ အလျင်အမြန် ပြန်လည်နေကောင်းကျန်းမာလာစေခြင်း၊ စိတ်ဖိစီးမှုများလျော့ကျခြင်း အစရှိသည့်အကျိုးကျေးဇူးများ ရရှိနိုင်စေသည်။ နို့တိုက်မိခင်များသည်ရင်သားကင်ဆာနှင့် သားအိမ်ကင်ဆာ၊ ဆီးချိုအမျိုးအစား (၂) ရောဂါတို့ဖြစ်ပွားနိုင်ခြေလည်း နည်းပါးသည်။ ဤအကျိုးကျေးဇူးများသည်မိခင်နှင့်ကလေးအတွက် မွေးကင်းစ အချိန်မှစတင်၍ ဘဝသက်တမ်း တလျှောက်လုံးအထိ ကောင်းစွာစွဲမြဲကျန်ရှိနေမည့်အရာများ ဖြစ်ပါသည်။ ထိုအကျိုးကျေးဇူးများသည်လုပ်ငန်းခွင်ဝင်မိခင်များအားလုပ်ငန်းခွင်သို့ ကျန်းမာစွာ ပြန်လည် ဝင်ရောက်နိုင်ပြီး အလုပ်ရှင်များသည်လည်း ၎င်းတို့ထံသို့ ဆေးဝါးကုသမှုဆိုင်ရာ အာမခံကြေးများ တောင်းဆိုမှုများ နည်းပါးသွားစေခြင်း အကျိုးကိုခံစားကြရ မည်ဖြစ်သည်။

## အလုပ်ထွက်နှုန်းကို လျှော့ချစေခြင်း

မိခင်နို့ချိုထိန်းသိမ်းခန်းကို ထားရှိပေးခြင်းသည် အမျိုးသမီးလုပ်သားအင်အားကို ထိန်းသိမ်းထားနိုင်သည့် အလားအလာရှိပြီး အမျိုးသမီးဝန်ထမ်းများအလုပ်ထွက်နှုန်းကို လျော့ကျစေ နိုင်ပါသည်။ လုပ်ငန်း ခွင်အတွင်း မိခင်နို့ညှစ်ရန်နှင့် မိခင်နို့များကို သိုလှောင်ထိန်းသိမ်းထားနိုင်ရန် နေရာတစ်ခု ဆောင်ရွက်ပေးမှုသည် နို့တိုက်မိခင်များအတွက် အဆင်ပြေ လွယ်ကူစေသည့်အထောက်အပံ့စနစ်ဖြစ်သည့်အတွက် လုပ်ငန်းခွင်အတွင်း နေသားကျမှုကို ဖြစ်စေသည်။

## ဝန်ထမ်းများ၏အလုပ်ဆိုင်ရာကျင့်ဝတ်များနှင့် အတိကဝတ်ပြုဆောင်ရွက်မှုများကို ပိုမိုတိုးတက်ကောင်းမွန်စေခြင်း

သုတေသနတွေ့ရှိချက်များအရ စီစဉ်ပံ့ပိုးမှုနှင့် အထောက် အပံ့များရရှိသည့် ဝန်ထမ်းများသည် အလုပ်ကို ပို၍ ကတိကဝတ်ပြုလုပ်ကိုင်မှုများဖြစ်စေပြီး လုပ်ငန်းကျင့်ဝတ်လိုက်နာမှုများလည်း ပိုမိုအားကောင်းမှုကို ဖြစ်စေ သည်။ ထို့အပြင် မိခင်နို့ချိုထိန်းသိမ်းခန်းတစ်ခု ထားရှိခြင်းသည် မီးဖွားခွင့်ယူပြီး လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာသည့် မိခင်များအတွက် အကူးအပြောင်းကာလတွင် အဆင်ပြေ လွယ်ကူစေပါသည်။

## လုပ်ငန်းဆိုင်ရာနှင့် အများ၏အမြင်ရှုထောင့်တွင် အပြုသဘောပုံရိပ်ဖြစ်စေခြင်း

မိခင်နို့ချိုထိန်းသိမ်းခန်း တစ်ခုထားရှိခြင်းသည် နို့တိုက်မိခင်ဝန်ထမ်းများအတွက် ယုံကြည်အားထားရသော အလုပ်ဝန်းကျင်တစ်ခုဖန်တီးပေးထားသည့်ကုမ္ပဏီတစ်ခုဖြစ်သည်ဟုအများပြည်သူ၏အမြင်တွင် အပြုသဘောဆောင်သော ပုံရိပ်ဖြစ်စေပြီး ကောင်းမွန်သည့် လူမှုဖူလုံရေးဝန်ဆောင်မှုများ ပေးနေသည့် ကုမ္ပဏီတစ်ခုဖြစ်သည်ဟု စီးပွားရေးအသိုက်အဝန်းအတွင်းကုမ္ပဏီ၏ အမည်ဂုဏ်သတင်းအပေါ် အပြုသဘော ဆောင်သော သက်ရောက်မှုများ ရရှိလာစေမည်ဖြစ်သည်။

## ရင်းနှီးမြှုပ်နှံမှုတွင် မြင့်မားသည့် အကျိုးရလဒ်များ ပြန်လည်ရရှိခြင်း

နို့တိုက်မိခင်ဝန်ထမ်းများအတွက် မိခင်နို့ချိုထိန်းသိမ်းခန်းတစ်ခု ထားရှိခြင်းသည် ရုံးနေရာအသုံးပြုရခြင်း၊ ငွေကြေးနှင့် အချိန်များ ကုန်ကျသည်ဟုအလုပ်ရှင်များက ထင်ကောင်းထင်မည် ဖြစ်သော်လည်း နို့တိုက်မိခင်များကို ပေးရသည့် အထောက်အပံ့ကြောင့် အမှန်တကယ်ကုန်ကျရသည်မှာ အလွန်နည်းပါးပြီး ထိရောက်သည့် ကုန်ကျစရိတ်လျော့ချနိုင်မှု နှင့် လူသားအရင်းအမြစ်ကို ထိန်းသိမ်းထားနိုင်မှု အစရှိသည့် ရလဒ်ကောင်းများကို ရရှိစေမည်ဖြစ်သည်။



# လုပ်ဆောင်ရမည့်အဆင့်များ

## STS ချဉ်းကပ်မှု

‘မိခင်ဘဝနှင့် လိုက်ဖက်ညီသော လုပ်ငန်းခွင်’ တစ်ခုသည် အမျိုးသမီးဝန်ထမ်းများကို ဝန်ထမ်းကောင်းများဖြစ်စေသလို မိခင်နို့ချိုထိန်းသိမ်းခန်းတစ်ခုစီစဉ်ထားရှိပေးခြင်းဖြင့်မိခင်နို့ဆက်လက်တိုက်ကျွေးနိုင်ပြီးကလေးများကိုလည်းပြုစုစောင့်ရှောက်နိုင်အောင် ဖန်တီးပေးထားသော လုပ်ငန်းခွင်တစ်ခုလည်း ဖြစ်သည်။ ထိုသို့ဖြစ်စေရန်အတွက် ‘မိခင်ဘဝနှင့် လိုက်ဖက်ညီသော လုပ်ငန်းခွင် ဖြစ်လာရေးမူဝါဒ’ကိုရေးဆွဲအကောင်အထည်ဖော်ရန်မှာပထမဦးစားပေး လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ထို့အပြင် ဤမူဝါဒနှင့်သက်ဆိုင်သည့် အချက်အလက်များသည် ပိုမိုကျယ်ပြန့်သည့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုမူဝါဒများ၏ တစိတ်တပိုင်းဖြစ်ကြောင်း ဝန်ထမ်းများအားလုံးသိရှိစေရန်လည်း လိုအပ်ပါသည်။ အောက်ဖော်ပြပါ အဓိက အဆင့်သုံးဆင့်မှာ အလုပ်ရှင်များအနေဖြင့် မိခင်နို့ချိုထိန်းသိမ်းခန်းများကို ထိရောက်စွာအသုံးပြုနိုင်ရန်အတွက် လုပ်ဆောင်ပေးရမည့်အဆင့်များဖြစ်သည်။

### အထောက်အပံ့



လုပ်ဖော်ကိုင်ဘက်များနှင့် အလုပ်ရှင်များမှ အပြန်အလှန် ပံ့ပိုးကူညီပေးခြင်းသည် မိခင်များအနေဖြင့် အလုပ်ကိုကောင်းစွာစီမံလုပ်ဆောင်နိုင်ရန်နှင့် မိခင်နို့ချိုတိုက်ကျွေးနိုင်ရန်မရှိမဖြစ်လိုအပ်သော အချက် ဖြစ်ပါသည်။ ထို့အပြင် နို့တိုက်မိခင်များ ကိုယ်စိတ်နှစ်ပါးချမ်းသာသုခရှိစေရန် လုပ်ဆောင်ပေးမည့် ကောင်းမွန်သော မူဝါဒတစ်ခုသည် မိခင်များ၏ လိုအပ်ချက်များနှင့် ကိုက်ညီရန်လည်း အရေးကြီးပါသည်။

### အချိန်



မိခင်နို့တိုက်ကျွေးနိုင်ရန် (သို့မဟုတ်) မိခင်နို့ညှစ်ယူသိမ်းဆည်းရန်အတွက် ခေတ္တနားချိန်ကို အနည်းဆုံး (၃၀) မိနစ်ခန့် နှစ်ကြိမ်ထားရှိပေးရန်နှင့် ထိုသို့လုပ်ဆောင်နိုင်သည့်ကာလကို ကလေးအသက် နှစ်နှစ်ပြည့်သည့်အချိန် အထိ ခွင့်ပြုပေးပြီး နောက်ပိုင်းတွင် လိုက်လျောညီ ပြောင်းလဲနိုင်သော အချိန်ဇယားထားရှိပေးပြီး ပူးပေါင်း ဆောင်ရွက်ပေးရမည် ဖြစ်သည်။

### နေရာ



မိခင်များအနေဖြင့် မိခင်နို့ထုတ်ယူရန်နှင့် သိမ်းဆည်းထားရှိခြင်းများကို သီးသန့်လွတ်လပ်စွာဖြင့် လုပ်ဆောင်နိုင်ရန် သက်တောင့်သက်သာရှိသော၊ သန့်ရှင်းမှုရှိသောနေရာတစ်ခု စီစဉ်ထားရှိပေးရမည်ဖြစ် သည်။

ဤအချက်အလက်အကျဉ်းသည် လုပ်ငန်းခွင်အတွင်းမိခင်နို့ချိုထိန်းသိမ်းခန်းထားရှိရေးစီမံချက်အကောင်အထည်ဖော်ရန် မဖြစ်မနေ လုပ်ဆောင်ပေးရမည့်အဆင့်များကိုဖော်ပြထားပါသည်။မိခင်နို့ချိုထိန်းသိမ်းခန်းအတွင်းထားရှိပေးရမည့်အခြေခံလိုအပ်သည့် အထောက်အပံ့ပစ္စည်းများ၏ သီးခြားသတ်မှတ်ချက်များကိုပါ အချက်အလက်ပြစာစောင် (fact sheet) တွင်ဖော်ပြထားပါသည်။ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများအနေဖြင့် အထက်တွင် ဖော်ပြထားခဲ့သည့် ရည်ညွှန်းချက်ပါ အခြေခံသတင်းအချက်အလက်များ အတိုင်းလိုက်နာပြီး ၎င်းတို့၏ သက်ဆိုင်ရာ လုပ်ငန်းခွင်အလိုက် သင့်လျော်မည့်ပုံစံများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါသည်။

# လက်တွေ့လုပ်ဆောင်ချက်များ



## အထောက်အပံ့

‘နို့တိုက်မိခင်များအတွက် မိခင်ဘဝနှင့် လိုက်ဖက်ညီသော လုပ်ငန်းခွင် ဖြစ်လာရေး’ မူဝါဒကို ရေးဆွဲဖော်ထုတ်ခြင်းကို အဦးဆုံး ပြုလုပ်ရမည်ဖြစ်သည်။ အဖွဲ့အစည်းအတွင်း သတင်းအချက်အလက်များ ဖြန့်ဝေခြင်းသည် တသက်မတ်တည်း ဖြစ်သင့်ပါသည်။

## အချိန်

လုပ်ငန်းခွင်အတွင်း မိခင်များအတွက် ခေတ္တနားချိန်များ သတ်မှတ်ပေးခြင်းသည် မိခင်နို့ချိုထိန်းသိမ်းခန်းထားရှိရေး အစီအစဉ်တွင် မရှိမဖြစ်လိုအပ်ချက် ဖြစ်ပါသည်။ ထိုကဲ့သို့ လိုက်လျောညီထွေရှိသည့် နားချိန်များကို စီစဉ်ပေးခြင်းသည် မိမိတို့၏ ကလေးများကို အိမ်တွင်ထားခဲ့ပြီးအလုပ်လာရသည့်အတွက် အပြစ်မကင်းဟုခံစားနေရသော မိခင်များအတွက် စိတ် သက်သာရာ ရစေသလို မိခင်များအနေဖြင့် ၎င်းတို့၏လုပ်ငန်းခွင်အတွင်း မိခင်နို့ကို ညှစ်ယူသိမ်းဆည်းပေးနိုင်ကြောင်း သိရှိခြင်းဖြင့် လုပ်ငန်းခွင်များသို့ စောစီးစွာပြန်လည်ဝင်ရောက်လုပ်ကိုင်မှုများကိုလည်း ဖြစ်စေသည်။ မိခင်အနေဖြင့် ကလေးအနားတွင် မရှိသော်လည်း ကလေးဖြစ်သူကို မိခင်နို့ကောင်းစွာတိုက်ကျွေးနိုင်သည် ဟူသည့်အသိသည် အလုပ်လုပ်နေသည့် မိခင်များအတွက် စိတ်သက်သာမှုကိုဖြစ်စေမည်ဖြစ်သည်။



လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေးဌာနသည် ဝန်ထမ်းများကို အလုပ်ချိန်များအတွင်း တည်ငြိမ်စွာထားရှိနိုင်ရန် မရှိမဖြစ်အရေးပါသည့်ကဏ္ဍမှ ပါဝင်မည် ဖြစ်သည်။ ထို့အပြင် လုပ်ငန်းခွင်ဝင်မိခင်များအတွက် ချောမွေ့သော အကူးအပြောင်းများဖြစ်စေရန် ပုံစံထုတ်ရေးဆွဲထားသော မိခင်နို့တိုက်ကျွေးနိုင်ရေးအစီအစဉ်များစွာလည်း ရှိပါသည်။ ထို့ထက်ပို၍ ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) မှ အလုပ်ချိန်များအတွင်း မိခင်နို့ချိုထိန်းသိမ်းနိုင်ရန်အတွက် ခေတ္တအနားပေးချိန်များကို လစာပြည့်အလုပ်ချိန်များအဖြစ် ထည့်သွင်းပေးရန် အကြံပြုထားပါသည်။

- အလုပ်ချိန် ရှစ်နာရီအတွင်း မိခင်နို့ထိန်းသိမ်းနိုင်ရန်အတွက် မိနစ် (၃၀)ခန့် နှစ်ကြိမ်ဖြစ်စေ (သို့မဟုတ်) (၁) နာရီခန့် တစ်ကြိမ် ခေတ္တနားချိန် သတ်မှတ်ပေးရန် ဖြစ်ပါသည်။
- (သို့မဟုတ်) အလုပ်ချိန်ရှစ်နာရီအတွင်း အလုပ်သမားများအနေဖြင့် လိုက်လျောညီထွေစွာ ရွေးချယ်နိုင်ရန် နားချိန် (၁၅) မိနစ်ကို နှစ်ကြိမ် (သို့မဟုတ်) လေးကြိမ် သတ်မှတ်ပေးရန် ဖြစ်သည်။
- မိခင်နို့ထိန်းသိမ်းနိုင်ရန် ခေတ္တနားချိန်များကို လစာပြည့်အလုပ်ချိန်များဟု ထည့်သွင်းတွက်ချက်ရန် တိုက်တွန်း ပါသည်။
- ဝန်ထမ်းများသည် မိခင်နို့ချိုထိန်းသိမ်းခန်းကို အသုံးပြုနေသည့် အချိန်များအတွက် အစားထိုး ၍အလုပ် လုပ်ကိုင်ပေးရန် မလိုအပ်ပါ။
- မိခင်နို့ချိုထိန်းသိမ်းခန်းများကို အသုံးပြုခြင်းအတွက် မိခင်နို့ချိုတိုက်ကျွေးသည့် အနေအထားများ ကို သက်သေ ပြရန် မလိုအပ်ပါ။

ပုံမှန်အချိန်ဇယားသတ်မှတ်ပေးထားခြင်းသည် ကောင်းမွန်သော်လည်း ဝန်ထမ်းများအနေဖြင့် အဆင်ပြေလွယ်ကူမည့် အချိန်များကို စိတ်ကြိုက်ရွေးချယ်မှုပေးရန်သည်လည်း လိုအပ်ပါသည်။ အမျိုးသမီးများအနေဖြင့် မိခင်နို့ညှစ်ယူ သိမ်းဆည်းရန် မိနစ် (၃၀) အထိ ခွင့်ပေးရမည်ဖြစ်သည်



## နေရာ

မိခင်နို့ချိုထိန်းသိမ်းခန်းနေရာသည် မိခင်နို့ချိုတိုက်ကျွေးနေသည့် လုပ်ငန်းခွင်ဝင်မိခင်များအား လုပ်ငန်းခွင်သို့ ပြန်လည် ဝင်ရောက်ရေးအတွက် မရှိမဖြစ် တိုက်တွန်းအားပေးမှုတစ်ခု ဖြစ်ပါသည်။ သက်တောင့်သက်သာရှိသည့် ထိုင်ရန် နေရာနှင့် မိခင်နို့များကို လတ်ဆတ်စွာ သိမ်းဆည်းထားနိုင်မည့် ရေခဲသေတ္တာ ကဲ့သို့သော အခြေခံပစ္စည်းများ ပါရှိပြီး သီးသန့်လွတ်လပ်မှုရှိသည့် သန့်ရှင်းသောအခန်းတစ်ခန်းထားရှိပေးခြင်းသည် မရှိမဖြစ် အရေးပါသည့် အစိတ်အပိုင်းများ ဖြစ်ပါသည်။ မိခင်နို့ထိန်းသိမ်းနိုင်သည့်အခန်းကို ပြင်ဆင်ရာတွင် အခန်း၏ နေရာအကျယ်အဝန်းအား သတ်မှတ်နိုင်ရန်အတွက် အသုံးပြုမည့် မိခင်များအရေအတွက်ကိုလည်း ထည့်သွင်းစဉ်းစားရန်မှာ အရေးကြီးသည့် အချက်ဖြစ်ပါသည်။ ပါဝင်သင့်သည့် အဓိကအချက် များမှာ

### သီးသန့်လွတ်လပ်မှုရှိသော အခန်း

သီးသန့်လွတ်လပ်မှုရှိခြင်းသည် မိခင်နို့ထုတ်ယူခြင်း (သို့မဟုတ်) ညှစ်ယူခြင်း၊ (သို့မဟုတ်) မိခင်နို့တိုက်ကျွေးရန်အတွက် သက်တောင့်သက်သာရှိစေမည်ဖြစ်သည်။ အခန်း၏သန့်ရှင်းမှုရှိခြင်းသည်လည်း မရှိမဖြစ် လုပ်ဆောင်ရမည့်အချက်ဖြစ်ပြီး မိခင်ဖြစ်သူ၏ အလုပ်နေရာနှင့် အနီးတွင်ရှိပါက ပိုမို အကျိုးရှိမည်ဖြစ်သည်။ ထို့အပြင် အခန်းသည် တိတ်ဆိတ်ငြိမ်သက်မှုရှိသည့်ပတ်ဝန်းကျင်ဖြစ်ပြီး ပြင်ပမှ ဆူညံသံများ နည်းနိုင်သမျှ နည်းပါက အမျိုးသမီးများအနေဖြင့် လုံခြုံပြီး သက်တောင့်သက်သာရှိစေမည် ဖြစ်သည်။ ထို့ကြောင့် အခန်းတွင် ကန့်လန့်ကာများ (သို့မဟုတ်) ခန်းဆီးများကို မရှိမဖြစ်ထားရှိ ပေးရမည်ဖြစ်သည်။ အခန်းအတွင်း မှ သော့ခတ်ထားနိုင်ရန် မဖြစ် မနေလုပ်ဆောင်ပေးထားရမည်ဖြစ်ပြီး လူတစ်ဦးချင်းစီအတွက် နေရာအကျယ်မှာ (၂၅) စတုရန်းပေ (၅ပေပတ်လည်ခန့်) ရှိသင့်ပြီး အလင်းရောင် ကောင်းမွန်ရရှိပြီး လေဝင်လေထွက် ကောင်းမွန် ရမည် ဖြစ်သည့်အပြင် “လူရှိသည် (သို့မဟုတ်) လူမရှိပါ” ဟူသော သင်္ကေတများ ပြသနိုင်ရန် ထားရှိပေး ရန်လည်းလိုအပ်သည်။




### လျှပ်စစ်ခလုတ်အားသုံးစွဲနိုင်မည့်နေရာ

လျှပ်စစ်ခလုတ်အားသုံး နို့ညှစ်သည့်စက်များနှင့် ရေခဲသေတ္တာများ အတွက် သွယ်တန်းနိုင်သော ဝါယာကြိုးများနှင့် ပလပ်ပေါက်များသည် အဓိက လိုအပ်သောအစိတ်အပိုင်းများဖြစ်ပါသည်။ ထိုပလပ်ပေါက်များကို ထိုင်ခုံ (သို့မဟုတ်) စားပွဲများ၏ အနီးအနားတွင် ထားရှိရမည်။ သို့မဟုတ်ပါက အရှည် ဆန့်ထုတ်နိုင်မည့် ဝါယာကြိုးများ (extension cord) များကို ထားရှိပေးရမည်။



### ပရိဘောဂများစီစဉ်ထားရှိခြင်း

မိခင်နို့ချိုထိန်းသိမ်းခန်းများတွင် မိခင်နို့ထုတ်ယူသည့် စက်များ၊ ထည့်စရာ ပစ္စည်းများနှင့် မိခင်နို့ညှစ်ယူသိမ်းဆည်းနိုင်ရန် အသုံးပြုသည့် ပန်းကန် ခွက်ယောက်များ တင်နိုင်ရန် စားပွဲများကဲ့သို့သော ပရိဘောဂများကိုထားရှိပေးရမည်။ မိခင်နို့ထုတ်ယူရာတွင် သက်တောင့်သက်သာ ဖြစ်စေရန်အတွက် အနိမ့်အမြင့်ချိန်ညှိနိုင်သော ကောင်းမွန်သည့်ကျောမှီများပါသော ထိုင်ခုံများထားရှိပေးပါက ပိုမိုကောင်းမွန်အဆင်ပြေမည်ဖြစ်သည်။ အခန်းတွင်းရှိ ထိုင်ခုံများနှင့် စားပွဲများ အရေအတွက်ကို မိခင်နို့တိုက်ကျွေးနေသည့် မိခင် အရေအတွက်ပေါ်မူတည်၍ စီစဉ်ထားရှိပေးသင့်ပြီး ထိုမိခင်များ တစ်ဦးနှင့် တစ်ဦးအကြား ထားရှိပေးရမည့် အကွာအဝေးသည်လည်း အရေးကြီးပါသည်။



### သိမ်းဆည်းသိုမှီးရန် ရေခဲသေတ္တာ

ထုတ်ယူထားသည့် မိခင်နို့ရည်များ သိမ်းဆည်းနိုင်ရန် ရေခဲသေတ္တာများ လိုအပ်မည်ဖြစ်ပြီး လျှပ်စစ်မီးမရနိုင်ချိန်များတွင် အအေးခံပုံးများကို အသုံးပြုနိုင်ပါသည်။

# အပိုဆောင်းအထောက်အပံ့များ

### မိဘများဆိုင်ရာ ပညာပေးခြင်း အစီအစဉ်များ

လုပ်ငန်းခွင်တွင် မိခင်နို့ချိုတိုက်ကျွေးခြင်းဆိုင်ရာအစီအစဉ်များ စတင် လုပ်ဆောင်ခြင်းကို ထိရောက်စွာ တိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် အလုပ်ရှင်များသည် ကျန်းမာရေးဌာနမှ ကျွမ်းကျင်ပညာရှင်များဖြင့်ပူးပေါင်းပြီး ဖြည့်စွက်သင်တန်းများပေးရန် တိုက်တွန်းပါသည်။ မိဘများ အတွက် ကလေး ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ သင်တန်းများပေးခြင်းသည် မိခင်၊ ဖခင် ဖြစ်လာမည့်သူများ အတွက် အတွေ့အကြုံများ တိုးမြှင့်ပေးနိုင်သလို အဖွဲ့အစည်းအတွင်း အလုပ်လုပ်နေသည့် ဖခင်များအနေဖြင့် လည်း မိခင်နို့တိုက်ကျွေးသည့်လုပ်ငန်းတွင် ၎င်းတို့မှ အထူးတလည်ပံ့ပိုးပေးနိုင်မည့် ကဏ္ဍများကို ကောင်းစွာ သိရှိနားလည်လာစေသည်။ ထိုသို့သောသင်တန်းများမှ အလုပ်နှင့် အိမ်တွင်နေသည့်ဘဝများအကြား ဟန်ချက်ညီစေရေး၊ မိခင်နို့ချိုတိုက်ကျွေးမှု၏ ကောင်းကျိုးသက်ရောက်မှုများနှင့်ဆိုင်ရာ၊ မိခင်နို့တိုက်ကျွေးသည့် နည်းစနစ်များနှင့်ဆိုင်ရာ၊ မိခင်နို့ထုတ်ယူခြင်းနှင့် သိမ်းဆည်းခြင်းဆိုင်ရာ များနှင့်ပက်သက် ၍ မရှိမဖြစ်အရေးကြီးသည့် အကြောင်းအရာ အမျိုးမျိုးကို သိရှိလာကြစေမည်ဖြစ်သည်။

### သတင်းအချက်အလက်နှင့် ပညာပေးဆိုင်ရာပစ္စည်းများ

အလုပ်ရှင်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MOHS)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ UNICEF နှင့် Alive & Thrive ကဲ့သို့သော အဖွဲ့အစည်းများမှ ဖြန့်ဝေသည့် သတင်းအချက်အလက်များကို ဖြည့်စွက်ပေးအပ်နိုင်ပါသည်။ ကမ္ဘာတစ်ဝှမ်း မိခင်နို့ချိုတိုက်ကျွေးခြင်းဆိုင်ရာများ စုစည်းထားသည့် ဝက်ဘ်ဆိုဒ်များမှလည်း လုပ်ငန်းရှင်များအတွက် မြောက်များလှစွာသော နည်းစနစ်များကို ရရှိနိုင် ပါသည်။
https://toolkits.knowledgesuccess.org/toolkits/breastfeeding-advocacy-toolkit/enact-paid-family-leave-and-workplace-breastfeeding-policies

### မိခင်နို့ချိုတိုက်ကျွေးခြင်းဆိုင်ရာသင်တန်းများ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MOHS) နှင့် UNICEF တို့သည် မိခင်များတွက် မိခင်နို့ချိုတိုက်ကျွေး ခြင်းဆိုင်ရာသင်တန်းများ ပေးနိုင်ပြီး အလုပ်ရှင်များနှင့် မိခင်များ၏ အမျိုးမျိုးသော လိုအပ်ချက်များ ပြည့်မီစေရန်အတွက် မိခင်နို့ချိုထိန်းသိမ်းခန်းများ ပြင်ဆင် ထားရှိရန် လမ်းညွှန်ချက်များကိုလည်း ပံ့ပိုးပေးနိုင်ပါသည်။





# ကိုးကားချက်များ


1. The World Health Organization (WHO): Breastfeeding
2. Employers' Guide - to Establishing Breastfeeding Friendly Workplace, Department of Health, The Government of the Hong Kong Special Administrative Region
3. Mills SP. Workplace Lactation programs: A Critical Element for Breastfeeding Mother's Success. AAOHN J. 2009; 57(6): 227-231.
4. Victora, C. G., Bahl, R., Barros, A. J. D., França, G. V. A., Horton, S., Krasevec, J., Murch, S., Sankar, M. J., Walker, N., & Rollins, N. C. (2016). Breastfeeding in the 21st century: Epidemiology, mechanisms, and lifelong effect. The Lancet, 387(10017), 475–490. https://doi.org/10.1016/S0140-6736(15)01024-7
5. Dabritz HA, Hinton BG, Babb J. Evaluation of lactation support in the workplace or school environment on 6-month breastfeeding outcomes in Yolo County, California. J Hum Lact 2009; 25: 182–93
6. U.S. Department of Health and Human Services. The Business Case for Breastfeeding. Steps for Creating a Breastfeeding Friendly Worksite. https://www.womenshealth.gov/breastfeeding/breastfeeding-home-work-and-public/breastfeeding-and-going-back-work/business-case
7. Tsai, S.-Y. (2013). Impact of a Breastfeeding-Friendly Workplace on an Employed Mother's Intention to Continue Breastfeeding After Returning to Work. Breastfeeding Medicine, 8(2), 210–216. http://doi.org/10.1089/bfm.2012.0119
8. Mills SP. Workplace Lactation programs: A Critical Element for Breastfeeding Mother's Success. AAOHN J. 2009; 57(6): 227-231.
9. U.S. Department of Health and Human Services. Agency for Healthcare Research and Quality Archive. Ip S, Chung M, Raman G, Chew P, Magula N, DeVine D, Trikalinos T, Lau J. Breastfeeding and Maternal and Infant Health Outcomes in Developed Countries. Evid Rep Technol Assess. 2007;(153):1-186.
10. UNICEF ၏ မြန်မာနိုင်ငံရှိ လုပ်ငန်းခွင်များအတွင်း မိခင်နို့တိုက်ကျွေးမှုအား အထောက်အပံ့ပေးရေးစီမံချက်၊ ကျန်းမာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူအင်အားဝန်ကြီးဌာန၊ Alive & Thrive 2020

Building Better Workplaces
Empowering Business

09441441550
info@mbcgea.com
www.mbcgea.com
www.facebook.com/businesscoalitionforgenderequality
www.linkedin.com/businesscoaliationforgenderequality